တရားမပုံစံအမှတ်-၆၂

**စီရင်ချက်**

**သင်္ဃန်းကျွန်းမြို့နယ် တရားမရုံး၌**

**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ (၂၉)ရက်နေ့။**

**၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄**

ဒေါ်စန္ဒာအေး နှင့် ဦးဇင်မင်းကို

တရားလိုအတွက် တရားလွှတ်တော်ရှေ့နေ ဦးဇေယျာထွန်း၊ ဦးချစ်ကိုကို

တရားခံအတွက် ရုံးရှေ့မရောက်

စိုက်ပျိုးရေးဆေးနှင့် မြေဆီဖိုးကျန်ငွေ ၁၆၅၂၂၀၀ိ/-ကျပ်ရလိုမှု

**စီရင်ချက်**

အမှုမှာ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကလမ်းသွယ်၊ (၁၆/၄)ရပ်ကွက်၊ အမှတ်(၁၁၂၆)၊ မြင်းကျားအမည်ဖြင့် စိုက်ပျိုးဆေးနှင့်မြေဆီဖြန့်ဖြူးရောင်းချသော ကုမ္ပဏီမှ ဝန်ထမ်းတရားလို ဒေါ်စန္ဒာအေးသည် ရောဝတီးတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရာဇူရိုးကျေးရွာနေ တရားပြိုင် ဦးဇင်မင်းကိုအပေါ် စိုက်ပျိုးရေးဆေးနှင့် မြေဆီဖိုးကျန်ငွေ ၁၆၅၂၂၀၀ိ/-ကျပ်ရလိုမှု စွဲဆိုထားခြင်းဖြစ်သည်။

တရားပြိုင် ဦးဇင်မင်းကိုအပေါ် ရုံးတော်မှ နည်းလမ်းတကျသမ္မာန်စာ ထုတ်ဆင့်ခဲ့သော်လည်း တရားပြိုင်သည် ရုံးရှေ့သို့ သမ္မာန်စာအတည်ဖြစ်လျက် ရုံးတော်သို့လာရောက်ခြင်းမရှိသည့်အတွက် တရားမကျင့်ထုံးဥပဒေအမိန့် -၉၊ နည်းဥပဒေ-၆ (၁)အရအမှုအား တရားပြိုင်၏ မျက်ကွယ်တွင် စစ်ဆေးခဲ့သောအမှုဖြစ်သည်။

တရားလိုကုမ္ပဏီ (Golden Key Co.,Ltd) မှ မြင်ကျားတံဆိပ် စိုက်ပျိုးဆေးနှင့် မြေဆီများအား အကြွေးစနစ်ဖြင့် တရားပြိုင်ဦးဇင်မင်းကိုမှာ (၁၂-၁-၂၀၁၆)ရက်နေ့မှ (၅-၃-၂၀၁၆)ရက်နေ့အထိ ဝယ်ယူခဲ့သော ပစ္စည်းတန်းဖိုးမှာ ငွေကျပ် (၂၅၀၂၂၀၀ိ/-) (ကျပ်နှစ်ဆယ်ငါးသိန်းနှစ်ထောင့်နှစ်ရာတိတိ)ဖြစ်ပြီး တရားပြိုင်သည် ကုမ္ပဏီထံ အကြွေးစနစ်ဖြင့်ဝယ်ယူခဲ့သော ကုန်ဖိုးငွေများအနက် (၇၅၀၀၀ိ/-) (ကျပ်ခုနစ်သိန်းငါးသောင်းတိတိ) ပြန်လည်းပေးသွင်းခဲ့ကြောင်း၊ (၇-၇-၂၀၁၆)ရက်စွဲပါ စာချုပ်ဖြင့် (၁၅-၈-၂၀၁၆)ရက်နေ့တွင် (၁၇၅၂၂၀၀ိ/-) (ကျပ်တစ်ဆယ့်ခုနစ်သိန်းငါးသောင်းနှစ်ထောင့်နှစ်ရာတိတိ) ပြန်လည်းပေးဆပ်မည်ဖြစ်ကြောင်း၊ ဝန်ခံကတိပြုခဲ့သော်လည်း တရားလိုကုမ္ပဏီမှ တောင်းဆိုရာ၌ တရားပြိုင်မှ ကျပ်တစ်သိန်း (၁၀၀၀၀ိ/-) ပေးဆပ်ခဲ့ပြီး တရားပြိုင်ထံမှ ရရန်ကျန်ငွေ (၁၆၅၂၂၀၀ိ/-) (ကျပ်တစ်ဆယ့်ခြောက်သိန်းငါးသောင်းနှစ်ထောင့်နှစ်ရာတိတိ) ရှိကြောင်း အဆိုလွှာပါအတိုင်း ထွက်ဆိုပြီး တရားပြိုင်မှ မြင်ကျားကုမ္ပဏီမှ စိုက်ပျိုးရေးနည်းပညာပေးနှင့် စိုက်ပျိုး

ရေးဝန်ဆောင်မှု ဝယ်ယူမှုမှတ်တမ်းအား သက်သေခံ(ခ) တရားပြိုင်မှ ကုန်ထုတ်လုပ်လက်ခံရရှိသည့် ဘောက်ချာပေါ်တွင် ဝယ်ယူသူနေရာ၌ လက်မှတ်ရေးထိုးထားသည့် ကုန်ထုတ်ဘောက်ချာ (၁၆)စောင်အားလည်း သက်သေခံ(ဃ)အဖြစ်လည်းကောင်း၊ (၇-၇-၂၀၁၆)ရက်စွဲပါ နှစ်ဦးသဘောတူငွေပေးဆပ်ရန် ဝန်ခံသဘောတူစာချုပ်(၁)မျက်နှာအား သက်သေခံ(စ)အဖြစ် ရုံးတော်သို့ တင်သွင်းထားသည်။ တရားလို၏ ထွက်ဆိုချက်များကို တရားလိုပြသက်သေ ဒေါ်လေးလေးမော်နှင့် ဦးခိုင်မင်းဦးတို့မှ ထောက်ခံထွက်ဆိုထားသည်။

အမှုတွဲပေါ်ပေါက်ချက်နှင့် တရားလို၊ တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များအရ တရားလိုကုမ္ပဏီမှ တရားပြိုင်သည် စိုက်ပျိုးရေးဆေးနှင့်မြေဆီများကို အကြွေးစနစ်ဖြင့် အမှန်တကယ်ဝယ်ယူသူဖြစ်သည်ကို သက်သေခံ(ခ)၊ သက်သေခံ(ဂ)၊ သက်သေခံ(ဃ)တို့အရ ထင်ရှားသည်။ တရားလိုကုမ္ပဏီထံသို့ တရားပြိုင်မှ ငွေပေးဆပ်ရန်အတွက် နှစ်ဦးသဘောတူစာချုပ်ပြုလုပ်ခဲ့သည်မှာလည်း သက်သေခံ(စ)အရ ထင်ရှားသည်။ တရားပြိုင် ဦးဇင်မင်းကိုသည် ယခုစွဲဆိုသည်အကြောင်းအချင်းအရာနှင့်ပတ်သက်၍ သိရှိပြီးဖြစ်ကြောင်း ယူဆနိုင်ပေသည်။ တရားပြိုင်အား ရုံးတော်သို့လာရောက်ဖြေရှင်းရန် သမ္မာန်စာဆင့်ဆိုခဲ့သော်လည်း တရားပြိုင်သည် လာရောက်ဖြေရှင်းခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။ တရားပြိုင်သည် အမှုစွဲဆိုသည့်အကြောင်းအရာအား သိလျှက်ဖြင့်ရုံးတော်သို့ မလာရောက်ခြင်းဖြစ်ပေသည်။

တရားလိုဘက်မှလည်း အဆိုလွှာနှင့်ညီညွတ်စွာ နှုတ်သက်သေခံချက်နှင့် စာရွက်စာတမ်းသက်သေခံချက်များ တင်ပြနိုင်၍ တရားလို၏ စွဲဆိုမှုအပေါ် မှန်ကြောင်းယုံကြည်ရန် အကြောင်းပေါ်ပေါက်နေပေသည်။ ထို့ကြောင့် စွဲဆိုထားသော အဆိုလွှာပါ တောင်းဆိုသောအခွင့်အရေးအား ရထိုက်ခွင့်ရှိသည်ဟု တွေ့ရှိရသဖြင့် အောက်ပါအမိန့်ကိုချမှတ်လိုက်သည်။

**အမိန့်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကလမ်းသွယ်၊ (၁၆/၄)ရပ်ကွက်၊ အမှတ်(၁၁၂၈)နေ တရားလို ဒေါ်စန္ဒာအေးသည် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရာဇူးရိုးကျေးရွာနေ တရားပြိုင် ဦးဇင်မင်းကိုအပေါ် စိုက်ပျိုးရေးဆေးနှင့် မြေဆီဖိုးကျန်ငွေ (၁၆၅၂၂၀၀/-) (ကျပ်တစ်ဆယ့်ခြောက်သိန်းငါးသောင်းနှစ်ထောင်နှစ်ရာ)အား ရလိုမှုစွဲဆိုထားမှုအား အနိုင်ဒီကရီချမှတ်ပေးလိုက်သည်။

စရိတ်မသတ်မှတ်။

(အေးမြတ်ကေခိုင်)

ဒုတိယမြို့နယ်တရားသူကြီး

သဃ်န်းကျွန်းမြို့နယ်တရားရုံး